


မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏
အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်မှ ထုတ်ဝေသည်။

အစီရင်ခံစာ အကျဉ်းချုပ်-

# အမှောင်ခန်းက အပ်ကျသံ

## မြန်မာနိုင်ငံတောင်ပိုင်း မွန်ဒေသများတွင်ဖြစ်ပွားခဲ့သော သက်ငယ်လိင်အကြမ်းဖက်မှုနှင့် အဆိုပါအကြမ်းဖက်မှုများအတွက် တရားမျှတမှု ပြန်လည်ရှာဖွေရာတွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်အခဲနှင့် စိန်ခေါ်မှုများ

> "သက်ငယ်မုဒိမ်းမှုက တရားရုံးကို ရောက်သွားလည်းပဲ ပြစ်မှုနဲ့ပြစ်ဒဏ်က မမျှတဘူး။ အဲတော့ သူတို့(ပြည်သူ)တွေက အမှုမှန်ပေါ်ဖို့ကို မကြိုးစားတော့ဘူး။ လူတွေက တရားဥပဒေစိုးမိုးရေးကို အယုံအကြည်နည်းတော့ တရားမျှတမှုကို လက်လျှော့လိုက်ကြတယ်"
>
> ~ မိချယ်ရီစိုး (မွန်အမျိုးသမီးများကွန်ရက်)

၂၀၁၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် လိင်အကြမ်းဖက်မှုများ အထူးသဖြင့် ကလေးသူငယ်များကို ဦးတည်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၏ အရေအတွက်သည် သိသာထင်ရှားစွာ မြင့်တက်လာခဲ့သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြင့်မားလာသည့်အလျောက် မွန်ပြည်နယ်နှင့် မွန်လူမျိုးများနေထိုင်ရာ ဒေသများတွင်လည်း အဆိုပါအကြမ်းဖက်မှုများ မြောက်မြားစွာ ဖြစ်ပွားလာခဲ့သည်။ ၂၀၁၃ မှ ၂၀၁၆ ခုနှစ်အတွင်း သက်ငယ်လိင်အကြမ်းဖက်မှုများ သိသိသာသာ အဖြစ်များလာခဲ့ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တွေ့ရှိခဲ့သည်။ လိင်မှုကိစ္စနှင့်ပတ်သက်၍ လွဲမှားစွာခံယူထားသော အရှက်တရားဆိုင်ရာ ခံယူချက်များ၊ တရားမျှတမှုရှာဖွေရာတွင် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ များပြားလှသော စင်ပြိုင်တရားရေးစနစ်များ စသည်တို့ကြောင့် လိင်အကြမ်းဖက်မှုများသည် ကောက်ခံရရှိသော အရေအတွက်ထက် ပိုမိုများပြားစွာဖြစ်ပွားနေလိမ့်မည်ဟု ယုံကြည်ထားသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ဌာနခွဲတစ်ခုဖြစ်သော အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်က ထုတ်ဝေသည့် ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံတောင်ပိုင်း မွန်ပြည်နယ်နှင့် မွန်ဒေသများတွင် ၂၀၁၃ ဒီဇင်ဘာလမှ ၂၀၁၇ ဇန်နဝါရီလအတွင်း ဖြစ်ပွားခဲ့

သော သက်ငယ်လိင်အကြမ်းဖက်မှု အမှု (၂၀) ကို ဆန်းစစ်လေ့လာထားသည်။ အဆိုပါအကြမ်းဖက်မှုများတွင် လူကုန်ကူးမှုမှအစ အဓမ္မပြုကျင့်မှုအဆုံး များပြားသော ဆက်စပ်အကြမ်းဖက်မှုများပါဝင်သော်လည်း ကျူးလွန်သည့်အဓိကရည်ရွယ်ချက်မှာ လိင်အကြမ်းဖက်မှုပြုရန် ဖြစ်သည်။ ဤအစီရင်ခံစာသည် သက်ငယ်လိင်အကြမ်းဖက်မှုဖြစ်စဉ်တစ်ခုလုံးကို ခြုံငုံသုံးသပ်ပြီး ကောက်ချက်ချ အဖြေထုတ်နိုင်သည်အထိ အချက်အလက်ပြည့်စုံမှုမရှိသည်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ဝန်ခံပါသည်။ သို့သော် သက်ငယ်လိင်အကြမ်းဖက်မှုနှင့်ပတ်သက်၍ ပြည်သူလူထုအကြား အသိပညာ သို့မဟုတ် လှုပ်ခတ်နိုးကြားမှုတစ်စုံတရာ ဖြစ်ပေါ်လာစေရန် ဤအစီရင်ခံစာက စွမ်းဆောင်နိုင်လိမ့်မည်ဟု မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းက ယုံကြည်ပါသည်။

သက်ငယ်လိင်အကြမ်းဖက်မှုဖြစ်ရပ်များကို ခွဲခြမ်းသုံးသပ်ချိန်တွင် သက်ငယ်လိင်အကြမ်းဖက်မှုများကို ဆုံးဖြတ်ပေးနေသော များပြားလှသည့် စင်ပြိုင်တရားရေးစနစ်များကို တွေ့ရှိခဲ့သကဲ့သို့ သက်ငယ်လိင်အကြမ်းဖက်မှုကိစ္စများနှင့်ပတ်သက်၍ အမှုမှန်ပေါ်ပေါက်ရန် ကြိုးစားရာတွင်လည်း အခက်အခဲများစွာရှိနေကြောင်း တွေ့ရှိခဲ့သည်။ လိင်အကြမ်းဖက်မှုများကို လေ့လာရာတွင် ဖြစ်စဉ်တစ်ခုတည်းကိုသာ လေ့လာခြင်းမဟုတ်ဘဲ ဆက်စပ်အကြောင်းအရာများဖြစ်သော တရားမျှတမှုရှာဖွေရာတွင် ကြုံတွေ့နေရသော အခက်အခဲစိန်ခေါ်မှုများ၊ လိင်အကြမ်းဖက်မှုကိစ္စများကို အကူအညီပေးနေသော အဖွဲ့အစည်းများနှင့် အဆိုပါ အခက်အခဲအတားအဆီးများကို ကျော်လွှားခဲ့သော နည်းလမ်းများကိုပါ လေ့လာခဲ့သည်။

ဤအစီရင်ခံစာကို အဓိကအခန်း (၅) ခုဖြင့် ခွဲခြားဖော်ပြထားသည်။ အခန်း (၁) သည် မိတ်ဆက်ဖြစ်ပြီး အခန်း (၂) တွင် အစီရင်ခံစာပြုစုပုံနည်းလမ်းများကို ဖော်ပြထားသည်။ ၎င်းနောက်တွင် လိင်အကြမ်းဖက်မှုဆိုင်ရာ တရားရေးနှင့် အုပ်ချုပ်ရေးစနစ်များနှင့် ဖွဲ့စည်းပုံများ၊ ကလေးသူငယ် ကာကွယ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံက လိုက်နာရမည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများကို ယေဘုယျသုံးသပ်ထားသော အခန်း (၃) ကို တွေ့ရမည် ဖြစ်သည်။ အကြမ်းဖက်မှုအမျိုးအစားများ၊ ကျူးလွန်သူများနှင့် အမှုမှန်ပေါ်ပေါက်ရန်အတွက် ကြိုးပမ်းမှု ပုံစံ

### အဓိကကျသော တွေ့ရှိချက်များ

- ၂၀၁၃ မှ ၂၀၁၆ ခုနှစ်အတွင်း သက်ငယ်လိင်အကြမ်းဖက်မှုများ သိသိသာသာ အဖြစ်များလာခဲ့ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တွေ့ရှိခဲ့သည်။
- လက်ခံရရှိသောအမှုအားလုံးတွင် နစ်နာသူများမှာ မိန်းကလေးငယ်များသာ ဖြစ်သည်။
- မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကောက်ခံရရှိသော အချက်အလက်များအရ မွန်ပြည်နယ်နှင့် မွန်ဒေသများအတွင်းရှိ မိန်းကလေးငယ်များအပေါ် ကျူးလွန်သော အကြမ်းဖက်မှုများ၏ (၈၅) ရာခိုင်နှုန်းတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပါဝင်လျက်ရှိကြောင်း တွေ့ရသည်။
- အဓမ္မပြုကျင့်ခြင်းက အကြမ်းဖက်မှု၏ ပင်မအကြောင်းတရားအဖြစ် တည်ရှိနေချိန်တွင် (၇၀) ရာခိုင်နှုန်းသော ဖြစ်စဉ်များ၌ ဖြစ်စဉ်တစ်ခုတွင် အကြမ်းဖက်မှု (၂) မျိုး သို့မဟုတ် (၂) မျိုးထက်ပိုသော အကြမ်းဖက်မှုများကို တစ်ပြိုင်တည်းကြုံတွေ့ခံစားခဲ့ရကြောင်း ကျူးလွန်ခံခဲ့ရသူများက ထုတ်ဖော်ပြောဆိုပါသည်။ အဆိုပါအကြမ်းဖက်မှုများတွင် အဓမ္မခေါ်ဆောင်သွားခြင်း၊ ၎င်းတို့၏ အသက်နှင့် မိသားစုဝင်တို့၏အသက်အန္တရာယ်ကို သိသာထင်ရှားစွာ ခြိမ်းခြောက်ခြင်းနှင့် အပြင်းအထန်ထိခိုက်နာကျင်စေခြင်းတို့လည်း ပါဝင်သည်။
- ဖြစ်စဉ်အားလုံးအနက် (၃၀) ရာခိုင်နှုန်းဖြစ်သော ဖြစ်စဉ် (၆) ခုသာ အမှုပြီးပြတ်သည်အထိ စီရင်ချက်ချနိုင်ခဲ့ပြီး ရပ်ကျေးအာဏာပိုင်က (၁) ခု၊ နိုင်ငံတော်တရားစီရင်ရေးဌာများက (၃) ခုနှင့် မွန်ပြည်သစ်ပါတီ၏ တရားရေးဌာနများက (၂) ခု စီရင်ဆုံးဖြတ်ခဲ့သည်။
- လိင်အကြမ်းဖက်မှုအတွက် တရားမျှတမှုပြန်လည်ရရှိရန် ပြည်သူလူထုများအနေဖြင့် ဝေဖန်ကဲ့ရဲ့မှုများကို ကျော်လွှား၍ လိင်အကြမ်းဖက်မှုများကို ဖွင့်ဟတိုင်ကြားခြင်း၊ တိတ်တဆိတ်နေရန် အင်အားကြီးကျူးလွန်သူများက ခြိမ်းခြောက်နေသည့်ကြားမှ တရားမျှတမှုအတွက် တိုက်ပွဲဝင်တောင်းဆိုခဲ့ခြင်း၊ ကျူးလွန်သူများက ပြစ်ဒဏ်မှလွတ်မြောက်ရည်ရွယ်၍ ပေးအပ်လာသော လျော်ကြေးငွေများကို ငြင်းဆိုခဲ့ခြင်း၊ အုပ်ချုပ်ရေးနှင့် တရားရေးရာအာဏာပိုင်များ၏ (မမျှတသော) ဆုံးဖြတ်ချက်များကို စုပေါင်းလက်မှတ်ရေးထိုး၍ ကန့်ကွက်ခဲ့ခြင်း၊ မျှတသောရလဒ်များ ထွက်ပေါ်လာရန်အတွက် တရားစီရင်ရေးစနစ်ကို ပြောင်းလဲနိုင်ရန် တောင်းဆိုဆန္ဒပြခဲ့ခြင်း စသည့်ကိစ္စရပ်များကို လုပ်ဆောင်ခဲ့ရသည်။
- ထိုကဲ့သို့ တရားမျှတမှုရရှိရန် ကြိုးပမ်းလုပ်ဆောင်ရာတွင် လိင်အကြမ်းဖက်ခံရမှုကို ပြစ်တင်ရှုံ့ချသောရှေးရိုးစွဲအတွေးအခေါ် များ၊ ဆင်းရဲမွဲတေမှုများ၊ တရားသောဥပဒေများ စိုးမိုးမှုအားနည်းခြင်းများနှင့် တရားရေးမဏ္ဍိုင်အပေါ် ယုံကြည်မှုအားနည်းခြင်းများ စသည့် စိန်ခေါ် မှုများကိုလည်းရင်ဆိုင်ခဲ့ရသည်။

ကြိုးပမ်းမှုပုံစံများကို အခန်း (၄) တွင် ဖော်ပြထားပြီး အခန်း (၅) တွင်မူ သက်ငယ်လိင်အကြမ်းဖက်မှုနှင့် ပတ်သက်၍ ပြည်သူလူထု၊ လူမှုအဖွဲ့အစည်းများက ဖွင့်ဟပြောကြားခဲ့သော သဘောထားအမြင်များကို ဖတ်ရှုရမည် ဖြစ်သည်။ နောက်ဆုံးအခန်းဖြစ်သော အ ခန်း (၆) တွင် မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ အုပ်ချုပ်ရေးဌာနများ၊ မွန်ပြည်သစ်ပါတီနှင့် လူမှုအဖွဲ့အစည်းများသို့ ရည်ရွယ်ပေးပို့သော အကြံပြုချက်များကို ဖော်ပြထားသည်။

## ၁) ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပုံစံများ

၂၀၁၃ ဒီဇင်ဘာလမှ ၂၀၁၇ ဇန်နဝါရီလအတွင်း သက်ငယ်လိင်အကြမ်းဖက်မှုပေါင်း (၂၀) မှုကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက လက်ခံရရှိခဲ့ပါသည်။ လက်ခံရရှိသောအမှုအားလုံးတွင် နစ်နာသူများမှာ မိန်းကလေးငယ်များသာဖြစ်ပြီး အသက်အရွယ်အပိုင်းအခြားတွင် အသက် (၃) နှစ်အရွယ်ကလေးငယ်မှ အသက် (၁၇) အရွယ်အထိ ပါဝင်သည်။ လိင်အကြမ်းဖက်ခံရသူအများစုမှာ အသက် (၁၃) မှ (၁၇) နှစ်ကြား အရွယ်များဖြစ်ကြသည်။ လက်ခံရရှိသောအမှုများကို လေ့လာရာတွင် အဓမ္မပြုကျင့်မှု (၁၆) မှု၊ အဓမ္မပြုကျင့်ရန်ကြံစည်ကြိုးစားမှု (၁) မှု၊ လူကုန်ကူးမှုအပါအဝင် အဓမ္မခေါ်ဆောင်သွားမှု (၇) မှု၊ အသက်အန္တရာယ်ခြိမ်းခြောက်မှု (၆) မှုနှင့် သတ်ဖြတ်မှု (၂) မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

### ၁-က) လိင်အကြမ်းဖက်မှု

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကောက်ခံရရှိသောအချက်အလက်များအရ မွန်ပြည်နယ်နှင့် မွန်ဒေသများအတွင်းရှိ မိန်းကလေးငယ်များအပေါ် ကျူးလွန်သော အကြမ်းဖက်မှုများ၏ (၈၅) ရာခိုင်နှုန်းတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပါဝင်လျက်ရှိကြောင်း တွေ့ရသည်။ လက်ခံရရှိသော အမှု (၂၀) အနက် (၁၆) မှုတွင် အဓမ္မပြုကျင့်ခြင်းက အဓိကအကြောင်းရင်းအဖြစ် ပါဝင်လျက်ရှိပြီး အဓမ္မပြုကျင့်မှု (၁၆) မှု၊ အဓမ္မပြုကျင့်ရန်ကြံစည်ကြိုးစားမှု (၁) မှု၊ လူကုန်ကူးမှုအပါအဝင် အဓမ္မခေါ်ဆောင်သွားမှု (၇) မှု၊ အသက်အန္တရာယ်ခြိမ်းခြောက်မှု (၆) မှုနှင့် သတ်ဖြတ်မှု (၂) မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

၂၀၁၆ ဇွန်လတွင် မွန်ပြည်နယ် ရေးမြို့နယ် အဘော်ကျေးရွာ၌ အသက် (၉) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို အသက် (၂၄) နှစ်အရွယ် အမျိုးသားတစ်ဦးက အဓမ္မပြုကျင့်ခဲ့သည်။ အဆိုပါပြုကျင့်မှုကို မိဘများအား ပြန်လည်ပြောပြပါက ၎င်းအနေဖြင့် နောက်တစ်ခေါက်ပြန်လာပြီး သူ့ကို သတ်ပစ်မည်ဟု ကျူးလွန်သူက မိန်းကလေးငယ်ကို ခြိမ်းခြောက်ပြောဆိုခဲ့သည်။

> “နာရီအနည်းငယ်ကြာတဲ့အထိ သူ
> သတိမေ့နေခဲ့တယ်။ နိုးလာပြီး ရွာကို ပြန်ရောက်
> ဖို့ (၃) မိုင်လောက် လမ်းလျှောက်ခဲ့ရတယ်။
> ဒဏ်ရာရနေတဲ့အပြင် မိန်းမကိုယ်မှာလည်း
> သွေးတွေထွက်နေတာကို သူ့အမေတွေ့တော့
> ဆေးရုံကို ခေါ်သွားတယ်။ အဲမှာ ရေးက
> ဆရာဝန်က အဓမ္မကျင့်ခံရတာလို့ ပြောတယ်။
> ကလေးမလေးက အခုအချိန်မှာ ဒုတိယတန်းမှာ
> ပညာသင်နေရမှာပါ။ ဒါပေမယ့် ကျန်းမာရေး
> အခြေအနေကြောင့် ခဏကျောင်း ထွက်လိုက်ရ
> တယ် ...”

### ၁-ခ) သတ်ဖြတ်ခြင်း

ကလေးငယ်တစ်ဦးကို အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ပစ်လိုက်ခြင်းသည် ဖြစ်တောင့်ဖြစ်ခဲ ရှားပါးဖြစ်စဉ်ဖြစ်သော်လည်း ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်အစဖျောက်ပစ်ခဲ့သော အမှု (၂) ခုကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကောက်ခံရရှိခဲ့သည်။

၂၀၁၄ ဇွန်လတွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ်၌ အသက် (၁၁) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးက စာသင်ကျောင်းမှ နေအိမ်သို့ ပြန်လာစဉ် လမ်းခုလတ်တွင် အဓမ္မပြုကျင့်အသတ်ခံခဲ့ရသည်။

> “သာယာမွန်ကျေးရွာဥက္ကဋ္ဌက ကလေးကို သူ့
> ပစ္စည်းပစ္စယတွေနဲ့အတူ တွင်းတစ်ခုမှာ
> သေနေတာကို တွေ့ခဲ့ရတယ်။
> သူ့ကျောင်းလွယ်အိတ်၊ ထီးနဲ့ ဖိနပ်တွေ
> အကုန်လုံး သူ့ဘေးမှာပဲ ရှိနေတယ်။ သူ့အင်္ကျီက
> ပြဲနေပြီးတော့ သူ့ခေါင်းက ကျောက်တုံးနဲ့
> အထုခံထားရတယ်။ တာဝန်ရှိသူတွေက
> အလောင်းကို ကန်ဘောက်ဆေးရုံကို ယူသွားပြီး
> စစ်ဆေးတော့ ဆရာဝန်က အသတ်မခံရခင်မှာ
> အဓမ္မကျင့်ခံထားရတယ်လို့ ပြောတယ်”



## ၂) ကျူးလွန်သူများ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက လက်ခံရရှိခဲ့သော ဖြစ်စဉ်များအားလုံးတွင် ကျူးလွန်သူများသည် အမျိုးသားများသာ ဖြစ်ကြသည်။ ၎င်းပြင် ကျူးလွန်သူများသည် ကျူးလွန်ခံရသူများနှင့် သိကျွမ်းနေလေ့ရှိပြီး အများစုမှာ အိမ်နီးနားချင်းများ သို့မဟုတ် အသိမိတ်ဆွေများ သို့မဟုတ် မိသားစုဝင်များဖြစ်နေကြသည်။ အနည်းငယ်သော ကျူးလွန်သူများကသာ လူစိမ်းသူစိမ်းများ ဖြစ်နေကြသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက လက်ခံရရှိခဲ့သော ဖြစ်စဉ် (၂၀) အနက် ကျူးလွန်သူ (၉) ဦးမှာ အိမ်နီးနားချင်းအသိမိတ်ဆွေများ ဖြစ်နေပြီး (၆) ဦးမှာ ကျူးလွန်ခံရသူနှင့် တစ်နည်းတစ်ဖုံ ပတ်သက်ဆက်နွယ်မှု ရှိနေကာ (၂) ဦးသာလျှင် သိကျွမ်းမှုမရှိသော လူစိမ်းများ ဖြစ်နေသည်။ အတည်ပြုချက်ရယူနိုင်ခြင်းမရှိသော ကျူးလွန်သူ (၂) ဦး ရှိပြီး နောက်ထပ်ကျူးလွန်သူ (၁) ဦးမှာ တပ်မတော်သား ဖြစ်သည်။

### ၂-က) အိမ်နီးနားချင်းအသိမိတ်ဆွေများ

မြန်မာနိုင်ငံတောင်ပိုင်းရှိ မွန်ပြည်နယ်နှင့် မွန်ဒေသများအတွင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကောက်ခံရရှိသော ဖြစ်စဉ်များ၏ (၄၅) ရာခိုင်နှုန်းတွင် ကျူးလွန်သူများသည် ကျူးလွန်ခံကလေးငယ်များ၏ အိမ်နီးနားချင်းအသိမိတ်ဆွေများ ဖြစ်နေကြသည်။ အိမ်နီးနားချင်းအသိမိတ်ဆွေများဟုဆိုရာတွင် မိသားစုနှင့် ရင်းနှီးသောသူများ၊ အိမ်နီးနားချင်းများနှင့် လုပ်ဖော်ကိုင်ဖက်များ ပါဝင်သည်။ ကျူးလွန်သူများမှာ မိမိတို့နှင့် ကောင်းစွာ သိကျွမ်းနေသောသူများ ဖြစ်နေသဖြင့် ကျူးလွန်ခံကလေးငယ်များ၏ မိသားစုဝင်များသည် ကျူးလွန်မှုကို မယုံကြည်နိုင်သည်အထိ အံ့အားသင့်ခဲ့ရသည်ကိုလည်း တွေ့ရှိရသည်။

၂၀၁၆ နိုဝင်ဘာလတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ......... ကျေးရွာ၌ အသက် (၁၈) နှစ်အရွယ် ကလေးငယ်တစ်ဦးက အသက် (၉) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို အဓမ္မပြုကျင့်ရန် ကြံစည်ကြိုးစားခဲ့သည်။ ဖြစ်စဉ်မှာ မိန်းကလေးငယ်၏ အဖွားဖြစ်သူ၏နေအိမ်တွင် နံနက်စောစောစီးစီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မိန်းကလေးငယ်၏ အော်ဟစ်မှုကြောင့် အဖွားဖြစ်သူ လန့်နိုးလာသဖြင့် ကျူးလွန်သူက ထွက်ပြေးသွားခဲ့သည်။

> “(ကျူးလွန်)သူက ကျွန်မတို့ကို ရှိနေတယ်လို့တောင် စိတ်ထဲမထားဘူးလို့ ခံစားရတယ်။ သူက စောစောစီးစီး ပြန်တောင်းပန်ရင် ကျွန်မတို့က စိတ်ကောင်းထားပြီး ခွင့်လွှတ်လို့ရသေးတယ်။ ကျွန်မမြေးလေးအပေါ် သူ ဒီလိုလုပ်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားဘူး။ သူ့မိဘတွေဆိုရင် ကျွန်မတို့ရာဘာခြံမှာ အလုပ်လုပ်နေတာလေ။ သူဆိုရင်လည်း ကျွန်မတို့အိမ်ကို အမြဲလာလည်နေကျပဲလေ”

### ၂-ခ) မိသားစုဝင်များ

သွေးသားတော်စပ်ခြင်း သို့မဟုတ် (မိသားစုဝင်များ၏ အိမ်ထောင်ဖက်များမှ) ဆွေမျိုးတော်စပ်ခြင်းသည် ကျူးလွန်သူနှင့် ကျူးလွန်ခံရသူအကြား ဒုတိယအများဆုံးသော တော်စပ်ပုံဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက လက်ခံရရှိထားသော ဖြစ်စဉ်များတွင် ကလေးသူငယ် (၆) ဦးက ၎င်းတို့မိသားစုဝင်များ၏ အဓမ္မပြုကျင့်ခြင်းကို ခံခဲ့ကြရသည်။ အဆိုပါ (၆) ဦးအနက် (၂) ဦးသည် ဖခင်အရင်း သို့မဟုတ် အစ်ကိုအရင်း၏ အဓမ္မပြုကျင့်ခြင်း ခံခဲ့ရခြင်းဖြစ်ပြီး (၄) ဦးသည် ဦးလေး သို့မဟုတ် ဝမ်းကွဲညီအစ်ကိုများ၏ အဓမ္မပြုကျင့်ခြင်းကို ခံခဲ့ကြရခြင်း ဖြစ်သည်။

### ၂-ဂ) တပ်မတော်သား

ယခင်ကထုတ်ဝေခဲ့သော အစီရင်ခံစာများတွင် တပ်မတော်သားများ၏ လိင်အကြမ်းဖက်မှုများကို များစွာဖော်ပြခဲ့သော်လည်း ယခုအစီရင်ခံစာတွင်မူ တပ်မတော်သားကျူးလွန်သော သက်ငယ်လိင်အကြမ်းဖက်မှုတစ်ခုကိုသာ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက လက်ခံရရှိခဲ့သည်။ ၂၀၁၃ ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ်၌ အမှတ် (၃၁) ခြေမြန်တပ်ရင်းမှ တပ်မတော်သား (၁) ဦးက အသက် (၁၃) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို ၎င်း၏နေအိမ်မှ အဓမ္မခေါ်ဆောင်ပြီး အဓမ္မပြုကျင့်ခဲ့သည်။

> “အခင်းဖြစ်တဲ့ညက မိ.... က သူ့ရဲ့မိဘတွေ အပြင်ရောက်နေတုန်း သက်ကယ်ရက်နေတယ်။ သက်ကယ်တွေ သယ်ဖို့ ..... နဲ့ သူ့အဖော် ယောကျ်ားလေး (၃) ယောက်က မိ.....ရဲ့အိမ်ကို ည (၇) နာရီလောက်မှာ ရောက်လာကြတယ်။ ...... က အိမ်ထဲအတင်းဝင်လာပြီး မိ.....ကို အတင်းဖက်တယ်။ ပြီးတော့ သူ့ကို မွန်အမျိုးသားကျောင်းဆောင်ကို ခေါ်သွားပြီး အဓမ္မပြုကျင့်ခဲ့တယ်။ အဖော် ယောကျ်ားလေးတွေက ကလေးမကို ကြိုးနဲ့ဝိုင်းတုပ် ဝိုင်းချုပ်ပေးတယ်။ အဓမ္မကျင့်တာကတော့ ....... တစ်ယောက်တည်းပဲ”

## ၂) ပြည်သူလူထု၏ သဘောထားအသံများ

### သို့မဟုတ် လိင်အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ပြည်သူလူထုတို့ ကျော်ဖြတ်ခဲ့သော အတားအဆီးများ

ဤအစီရင်ခံစာ ပြုစုနေချိန်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းရှိ မွန်ပြည်နယ်နှင့် မွန်ဒေသများတွင် ဖြစ်ပွားခဲ့သော သက်ငယ်လိင်အကြမ်းဖက်မှုနှင့်ပတ်သက်၍ တရားမျှတမှုပြန်လည်ရှာဖွေရာတွင် အခက်အခဲများ၊ အတားအဆီးများ၊ စိန်ခေါ်မှုများ များစွာရှိနေကြောင်း သိရှိခဲ့သည်။ ဝေဖန်ကဲ့ရဲ့မှုများကို ကျော်လွှား၍ လိင်အကြမ်းဖက်မှုများကို ဖွင့်ဟတိုင်ကြားရာတွင်လည်းကောင်း၊ တိတ်တဆိတ်နေရန် အင်အားကြီးကျူးလွန်သူများက ခြိမ်းခြောက်နေသည့်ကြားမှ တရားမျှတမှုအတွက် တိုက်ပွဲဝင်တောင်းဆိုရာတွင်လည်းကောင်း၊ တရားရေးဆိုင်ရာကိစ္စရပ်များနှင့် ကျူးလွန်သူက ထိုက်သင့်သောပြစ်ဒဏ်ကျခံရေးအတွက် တရားရေးအရာရှိများနှင့် ဆက်ဆံတောင်းဆိုရာတွင်လည်းကောင်း၊ ကျူးလွန်သူများက ပြစ်ဒဏ်မှ လွတ်မြောက်ရည်ရွယ်၍ ပေးအပ်လာသော လျော်ကြေးငွေများကို ငြင်းဆိုရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေးနှင့် တရားရေးရာအာဏာပိုင်များ၏ (မမျှတသော) ဆုံးဖြတ်ချက်များကို စုပေါင်းလက်မှတ်ရေးထိုး၍ ကန့်ကွက်ရာတွင်လည်းကောင်း၊ မျှတသောရလဒ်များ ထွက်ပေါ်လာရန်အတွက် တရားစီရင်ရေးစနစ်ကို ပြောင်းလဲနိုင်ရန် တောင်းဆိုဆန္ဒပြရာတွင်လည်းကောင်း အခက်အခဲများ မည်မျှရင်ဆိုင်ခဲ့ရသည်ကို ၎င်းတို့၏ သဘောထားအသံများတွင် မြင်တွေ့ရမည်ဖြစ်သည်။



### ၃-က) ဖွင့်ဟတိုင်ကြားခြင်း

အကြမ်းဖက်ခံရသူများအနေဖြင့် လိင်အကြမ်းဖက်မှုကို ဖွင့်ဟတိုင်ကြားမှု ပြုလုပ်ရဲခြင်း သတ္တိရှိသောအပြုအမူ ဖြစ်သည်။ စင်စစ်တွင်မူ မွန်မြန်မာလူမှုအသိုင်းအဝိုင်းတွင် လိင်အကြမ်းဖက်မှုခံရခြင်းကို ရှက်စရာအတွေ့အကြုံအဖြစ် မှတ်ယူထားသည်။ မိဘနှင့် မိသားစုဝင်များ၏ လုံခြုံရေးကို အလေးထားပါက လိင်အကြမ်းဖက်ခံရမှုနှင့်ပတ်သက်ပြီး တိတ်တဆိတ်နေရန် ကျူးလွန်သူများ၏ ခြိမ်းခြောက်ခြင်းကို ခံထားရသော ကလေးငယ်များအနေဖြင့် လိင်အကြမ်းဖက်မှုများကို ဖွင့်ဟတိုင်ကြားရန်အတွက် ဤအချက်သည် ကြီးမားသော အတားအဆီးဖြစ်လျက်ရှိသည်။ ဤအချက်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း လက်ခံရရှိသော ဖြစ်စဉ်များတွင် အမြောက်အမြားတွေ့ရှိခဲ့ရပြီး ကျူးလွန်ခံရသူ၏ (၁၁) ရာခိုင်နှုန်းခန့်ကသာ မိဘ သို့မဟုတ် အုပ်ထိန်းသူများ၏ မေးမြန်းစုံစမ်းခြင်းမရှိ အလိုအလျောက်ဖွင့်ပြောခဲ့သည်။ အကြမ်းဖက်ခံရသူများက ဖွင့်ပြောတိုင်တန်းခဲ့သော်လည်း လိင်အကြမ်းဖက်မှုကို လူမသိစေလိုသောဆန္ဒကြောင့် အုပ်ထိန်းသူမိဘများက သက်ဆိုင်ရာအာဏာပိုင်များထံသို့ သွားရောက်အကြောင်းမကြားလိုသောဖြစ်စဉ်များလည်း ရှိခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံအတွင်း မြင့်တက်လာသော လိင်အကြမ်းဖက်မှုအရေအတွက်များက လွှမ်းမိုးသောရှေးရိုးအယူအဆများက တဖြည်းဖြည်းပြောင်းလဲပျောက်ကွယ်လာကြောင်း ထောက်ပြနေသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက လက်ခံရရှိခဲ့သော ဖြစ်စဉ်အားလုံးတွင် လိင်အကြမ်းဖက်ခံခဲ့ရသော ကလေးငယ်များက ၎င်းတို့အ ကြမ်းဖက်ခံရမှုကို နောက်ဆုံးတွင် တစ်စုံတစ်ဦးအားဖွင့်ပြောခဲ့ကြသည်ချည်း ဖြစ်သည်။ အချို့ဖြစ်စဉ်များတွင် အာဏာပိုင်များ၏ ခြိမ်းခြောက်မှုကို ခံခဲ့ရသော်လည်း တရားမျှတမှုအတွက် ဆက်လက်တောင်းဆိုခဲ့သည်များလည်း ရှိသည်။

> “ဒီဖြေရှင်းမှုကို လက်မခံဘူးဆိုရင် ကျေးရွာက ထွက်သွားရလိမ့်မယ်လို့ မိ.........နှင့် သူ့ရဲ့မိသားစုကို တပ်က ခြိမ်းခြောက်ခဲ့ပါတယ်။ ဒါပေမယ့် မိ........က လျော်ကြေးတွေကို လက်မခံတဲ့အပြင် အမှုကို လွယ်လွယ်နဲ့ ကြေအေးဖို့အတွက် တပ်က ကမ်းလှမ်းလာသမျှကို ငြင်းဆန်ဖို့လည်း သူ့မိဘတွေကို ကိုယ်တိုင်ကိုယ်ကျ တောင်းဆိုခဲ့တယ်။ နယ်မြေခံတပ်ရင်းနဲ့လည်း ဆက်ဆံရေးအဆင်မပြေတဲ့အတွက် ရွာကနေထွက်သွားဖို့ စစ်တပ်က သူနဲ့သူ့မိသားစုကို ခြိမ်းခြောက်ခဲ့တယ်။ ဒါပေမယ့် .........က သူ့ကို အဓမ္မပြုကျင့်တယ်လို့ ကလေးမက အခိုင်အမာဆက်ပြောခဲ့တယ်။ အမှုကို ကြေအေးဖို့ ကျေးရွာအုပ်ချုပ်ရေးမှူးကိုလည်း စစ်တပ်က ဖိအားပေးခဲ့တယ်”

## ၃-ခ) ကျူးလွန်သူက ပြစ်ဒဏ်ကျခံစေရန် ရည်ရွယ်ပြီး လျော်ကြေးများကို ငြင်းဆန်ခြင်း

တရားမျှတမှုများကို အမှန်အတိုင်းရရှိရန်နှင့် ကျူးလွန်သူများကို ထောင်ဒဏ်ချမှတ်နိုင်ရန်အတွက် နစ်နာသူမိသားစုများက လုပ်ဆောင်သောနည်းလမ်းတစ်ခုမှာ လျော်ကြေးငွေများကို ငြင်းဆန်ခြင်းပင် ဖြစ်သည်။ ကမ်းလှမ်းလာသော လျော်ကြေးများကို ငြင်းပယ်ခဲ့သကဲ့သို့ တရားဥပဒေအတိုင်း ဆက်လက်ဆောင် ရွက်လိုသဖြင့် (လက်ခံခဲ့သော) လျော်ကြေးငွေများကို ပြန်လည်ပေးအပ်ခဲ့သည်များလည်း ရှိခဲ့သည်။ လိင်အကြမ်းဖက်မှုကို ကြုံတွေ့ခဲ့ရသူများနှင့် ၎င်းတို့၏မိသားစုဝင်များအား လျော်ကြေးငွေလက်ခံပြီး အမှုကို အလျင်အမြန်နှင့် တိတ်တဆိတ်ကျေအေးရန် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျူးလွန်သူ၏ မိသားစုဝင်များက မကြာခဏကမ်းလှမ်းလေ့ရှိသည်။

## ၃-ဂ) တရားရေးဌာနများ၏ စီရင်ချက်ကို ဆန့်ကျင်ခြင်း သို့မဟုတ် အယူခံဝင်ခြင်း


မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း လက်ခံရရှိခဲ့သော လိင်အကြမ်းဖက်မှုဖြစ်စဉ်များတွင် နစ်နာသူမိသားစုအများစုက သက်ဆိုင်ရာအာဏာပိုင်များ၏ ကိုယ်တွယ်ဖြေရှင်းဆုံးဖြတ်ပုံကို ကျေနပ်မှုမရှိကြောင်း ဖွင့်ပြောခဲ့ကြသည်။ အချို့ဖြစ်စဉ်များတွင် နစ်နာသူများက လူမှုအဖွဲ့အစည်းများထံသို့ အကူအညီတောင်းခံပြီး သက်ဆိုင်ရာအာဏာပိုင်များ၏ ဆုံးဖြတ်ချက်များကို အယူခံဝင်ခဲ့ကြသည်။ ကျေနပ်မှုမရှိသော ဆုံးဖြတ်ချက်များအတွက် တရားမျှတမှုကို တောင်းဆိုခဲ့ကြသည်။

## ၃-ဃ) လူထုအခြေပြုအဖွဲ့အစည်းများ၏ အားပေးကူညီမှုများ

မြန်မာနိုင်ငံတောင်ပိုင်း မွန်ပြည်နယ်နှင့် မွန်ဒေသများအတွင်း ဖြစ်ပွားခဲ့သော သက်ငယ်လိင်အကြမ်းဖက်မှုနှင့်ပတ်သက်၍ တရားမျှတမှုရှာဖွေရာတွင် တစ်ဦးချင်းကြိုးပမ်းမှုများ ရှိခဲ့သကဲ့သို့ နောက်နောင်တွင် အလားတူကျူး လွန်မှုများ ထပ်မံမပေါ်ပေါက်စေရန်အတွက် နစ်နာသူတစ်ဦးတစ်ယောက်ကို ဝန်းရံပြီး နစ်နာသူကိုယ်စား တရားမျှတမှုရှာဖွေပေးနေသော လူထုအခြေပြုအဖွဲ့အစည်းများ၏ ကြိုးပမ်းမှုကိုလည်း တွေ့ခဲ့ရသည်။ အဆိုပါကြိုးပမ်းမှုများတွင် တပ်မတော်သားတစ်ဦး၏ အဓမ္မပြုကျင့်မှုကို ခံခဲ့ရသော မိန်းကလေးငယ်၏ ကိုယ်စား နယ်မြေခံတပ်ရင်းကို ဆန့်ကျင်ခြင်း၊ ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများက နစ်နာသူများအား ထောက်ပံ့ကူညီခြင်း၊ ပညာပေးလုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့် သက်ငယ်လိင်အကြမ်းဖက်မှုကို လူထုက ပိုမိုသတိထားမိလာစေရန် လှုံ့ဆော်ခြင်းများလည်း ပါဝင်သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက လက်ခံရရှိခဲ့သော ဖြစ်စဉ်များ၏ (၃၀) ရာခိုင်နှုန်းတွင် ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများက နစ်နာသူမိသားစုများကို ကူညီခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါကူညီမှုများတွင် ဆေးစစ်ခြင်း၊ ဒဏ်ရာကုသခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုများ၊ ဆေးရုံနှင့် ဆေးခန်းများသို့ လိုက်လံပို့ဆောင်ပေးခြင်း၊ တရားရေးဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ ထောက်ပံ့ကူညီမှုများနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများလည်း ပါဝင်သည်။

လိင်အကြမ်းဖက်ခံရသူများကို ထောက်ပံ့ကူညီခြင်းသာမက ပညာပေးလုပ်ငန်းများနှင့် သတိပေးလှုံ့ဆော်ခြင်းလုပ်ငန်းများကိုလည်း ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများက လုပ်ဆောင်နေကြောင်း တွေ့ရသည်။ ဒေသခံအဖွဲ့အစည်းများနှင့် အခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများက လိင်ပညာပေးရေးသင်တန်းများ၊ တရားဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခွင့်အရေးဆိုင်ရာသင်တန်းများကို ပို့ချပေးနေသည်။ အဆိုပါသင်တန်းများကို ကလေးနှင့်မိဘများကအစ၊ ဒေသခံအာဏာပိုင်များအလယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအဆုံး အားလုံးပါဝင်ခဲ့သည်။



## ၄) သက်ငယ်လိင်အကြမ်းဖက်မှု အရေအတွက်မြင့်မားလာခြင်းနှင့်ပတ်သက်သည့် သဘောထားအမြင်များ

ဤအစီရင်ခံစာကာလအတွင်း မြန်မာနိုင်ငံတောင်ပိုင်း မွန်ပြည်နယ်နှင့် မွန်ဒေသများတွင် သက်ငယ်အကြမ်းဖက်မှုအရေအတွက် မြင့်မားခြင်းနှင့်ပတ်သက်သော မှတ်ချက်ပေးပြောဆိုမှုများ အမျိုးမျိုးရှိလာခဲ့သည်။ ဖြစ်စဉ်များကို နားလည်ရန်အတွက် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် ရွာသူရွာသားများသာမက လူမှုအဖွဲ့အစည်းများ၏ သဘောထားအမြင်များကိုပါ အတွင်းကျကျလေ့လာကြည့်ခဲ့သည်။ အဓမ္မပြုကျင့်မှုကို ဖွင့်ပြောလိုသော စိတ်ဆန္ဒများ ပိုမိုပြင်းထန်လာခြင်း၊ ခေတ်မီနည်းပညာများကို လွယ်ကူစွာ လက်လှမ်းမီလာခြင်း၊ တရားသောဥပဒေများ စိုးမိုးမှုမရှိခြင်း၊ ကျူးလွန်သူများကို သက်ညှာစွာ ပြစ်ဒဏ်ချမှတ်နေခြင်းစသည့် ကွဲပြားခြားနားသော အမြင်များစွာကို တွေ့ရှိခဲ့သည်။

### ၄-က) ပညာရေးအဆင့်အတန်းမြင့်မားလာခြင်းနှင့် ခေတ်မီနည်းပညာများကို လွယ်ကူစွာ လက်လှမ်းမီလာခြင်း

လိင်အကြမ်းဖက်ခံရခြင်းသည် ရှက်စရာကိစ္စဖြစ်သဖြင့် တိတ်တဆိတ်ဖုံးကွယ်ထားသင့်သည်ဟူသော ရှေးရိုးအယူအဆကို တော်လှန်ပြီး လိင်အကြမ်းဖက်ခံရမှုကို ပိုမိုဖွင့်ဟပြောဆိုလာခြင်းကြောင့် သက်ငယ်လိင်အကြမ်းဖက်မှုအရေအတွက် မည်မျှမြင့်မားစွာ ဖြစ်ပွားနေသည်ကို သိရှိလာရသည်။ လိင်ပညာပေးရေးနှင့် တရားရေးဆိုင်ရာ အခွင့်အရေးများအပေါ် လူမှုအဖွဲ့အစည်းများ၏ ပညာပေးပို့ချမှုများကြောင့် ဒေသခံ ရွာသူရွာသားများ၏ အမြင်များမြင့်မားလာခဲ့ပြီး သသဘောထားများလည်း ပြောင်းလဲလာခဲ့သည်။

သက်ငယ်လိင်အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ပိုမိုဖွင့်ဟပြောဆိုလာခြင်းမှာ ခေတ်မီနည်းပညာများကို လက်လှမ်းမီလာခြင်း၊ အင်တာနက်ကို ထိတွေ့လာနိုင်ခြင်း၊ smartphone များနှင့် social media များကို အသုံးပြုလာနိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ထင်မြင်ယူဆသူများလည်း ရှိသည်။

> “အရင်တုန်းကဆိုရင် smartphone တွေ social media တွေက မရှိခဲ့ဘူး။ ဒါပေမယ့် အခုဆို အကုန်လုံး ရနေပြီ၊ လူတွေကလည်း အသိပညာ ဗဟုသုတ ပိုရှိလာတယ်။ ဒါကြောင့် အကြမ်းဖက်မှုတွေကို ဖွင့်ပြောလာတယ်၊ အမှုဖွင့်တိုင်ကြားတာတွေ လုပ်လာတယ်။ သိပ်ခေါင်တဲ့ကျေးရွာတွေမှာလည်း ပညာပေးအလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ရမယ်”

သို့သော်လည်း ခေတ်မီနည်းပညာများသည် ကောင်းကျိုးများကိုသာ ယူဆောင်လာခြင်းမဟုတ်ချေ။ အင်တာနက်ကို ပိုမိုလက်လှမ်းမီလာသည်နှင့် အမျှ ညစ်ညမ်းဗီဒီယိုနှင့်ဓာတ်ပုံများနှင့် ပိုမိုထိတွေ့လာနိုင်ခြင်းကြောင့် လူ့အသိုင်းအဝိုင်းကို ထိခိုက်နစ်နာမှုများ ဖြစ်ပွားလာနိုင်ကြောင်း ထင်မြင်ယူဆသူများလည်း အများစုပင် ရှိနေသည်။

> “နည်းပညာခေတ်မှာ နေနေတော့ ညစ်ညမ်းဗီဒီယိုတွေကို ဖုန်းကနေ လူတိုင်းကြည့်လို့ရတယ်။ လွယ်လွယ်လေးပဲ။ ညစ်ညမ်းဗီဒီယိုတွေ ကြည့်ပြီးရင် စမ်းသပ်ချင်လာတယ်။ အဲတော့ အပြစ်မဲ့တဲ့ ကလေးတွေက ပစ်မှတ်တစ်ခု ဖြစ်လာတာပေါ့”

### ၄-ခ) တရားသောဥပဒေများ စိုးမိုးမှုမရှိခြင်းနှင့် အပြစ်ပေးအရေးယူမှု အားနည်းခြင်း

တရားသောဥပဒေများ စိုးမိုးမှုမရှိခြင်းနှင့် အပြစ်ပေးအရေးယူမှုအပိုင်းတွင် အားနည်းသက်ညှာနေခြင်းတို့သည် သက်ငယ်လိင်အကြမ်းဖက်မှု အရေအတွက်ကို မြင့်မားလာစေသည့် အကြောင်းရင်းများဖြစ်သည်ဟု တစ်ချို့က ထင်မြင်ယူဆကြသည်။ ရာဇသတ်ကြီးပုဒ်မတွင် အဓမ္မပြုကျင့်မှု ကျူးလွန်ပါက ထောင်ဒဏ် (၁၀) နှစ်အထိသာ အများဆုံးချမှတ်နိုင်သည်ဟု ဖော်ပြထားသည်။ ထို့ပြင် အဓမ္မပြုကျင့်မှုကျူးလွန်ခဲ့သူအများစုသည်လည်း ထောင်ဒဏ်အနည်းငယ်သာကျခံပြီး ပြန်လည်လွတ်မြောက်လာလေ့ရှိသည်။

> “ဒီလိုတရားမျှတမှု မရှိတာ၊ ဥပဒေတွေ မခိုင်မာတာကြောင့် နောက်ပြီးတော့ တရားခံတွေကို လျှော့လျှော့ပေါ့ပေါ့ အပြစ်ဒဏ်ပေးနေတာတွေကြောင့် ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အဓမ္မကျင့်မှုတွေ အထူးသဖြင့် ကလေးတွေကို အဓမ္မကျင့်နေတာတွေ များနေတာ။ ဥပဒေတွေ ပိုခိုင်မာဖို့ ပြစ်ဒဏ်တွေပိုချဖို့ ကျွန်တော်တို့ တောင်းဆိုရမယ်။ မြန်မာပြည်က ဥပဒေတွေက သားရေကွင်းလိုပါပဲ။ တင်းလိုက် လျှော့လိုက် လုပ်လို့ရတယ်။ အသက် (၄) နှစ်ကလေး အဓမ္မအကျင့်ခံရတဲ့အမှုမှာဆို တရားခံက ထောင် (၄) နှစ်ပဲ အချခံလိုက်ရတယ်”

## ၅) တရားမျှတမှုရှာဖွေရာတွင် ရင်ဆိုင်နေရသော အခက်အခဲနှင့် စိန်ခေါ်မှုများ

မြန်မာနိုင်ငံတောင်ပိုင်း မွန်ပြည်နယ်နှင့် မွန်ဒေသများအတွင်း ဖြစ်ပွားခဲ့သော သက်ငယ်လိင်အကြမ်းဖက်မှုနှင့်ပတ်သက်သော တရားမျှတမှုရှာဖွေခြင်းကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက သုံးသပ်လေ့လာပြီးနောက်တွင် အဓိကအချက် (၂) ချက်ကို တွေ့ရှိခဲ့သည်။ ပထမအချက်မှာ သက်ငယ်လိင်အဓမ္မပြုကျင့်မှုများကို ဖွင့်ဟပြောဆိုတိုင်တန်းရန် ပျက်ကွက်ခြင်းနှင့် ဒုတိယအချက်မှာ တရားဥပဒေအတိုင်းဖြစ်စေ ရိုးရာအစဉ်အလာအတိုင်းဖြစ်စေ တရားမျှတမှုကို ရှာဖွေရာတွင် လုံလောက်ကောင်းမွန်သော လုပ်ငန်းစဉ်များ မရှိခြင်း ဖြစ်သည်။

ဖွင့်ဟပြောဆိုတိုင်တန်းရန် ပျက်ကွက်ခြင်းတွင် အပိုင်း (၂) ပိုင်း ပါဝင်ပြီး လုံးဝမပြောဆိုဘဲ ဖုံးကွယ်ထားခြင်းနှင့် ရပ်ကျေးအာဏာပိုင်များကိုသာ တိုင်ကြားပြီး ရဲစခန်း သို့မဟုတ် တရားရုံးသို့ သွားရောက်အမှုဖွင့်ရန် ပျက်ကွက်ခြင်းတို့ ဖြစ်သည်။

အထက်ပါအဓိကအကြောင်းရင်း (၂) မှာ အချင်းချင်းဆက်စပ် တည်မှီနေကြပြီး (၂) ခုစလုံး ဖြစ်ပေါ်လာပါက တရားမျှတမှုရရှိရန် များစွာခက်ခဲလာခဲ့သည်။ လိင်နှင့် လိင်အကြမ်းဖက်မှုနှင့်ပတ်သက်သော ရှေးရိုးဆန်သည့် အစွဲအလမ်းများ၊ ဆင်းရဲမွဲတေမှုများ၊ အုပ်ချုပ်ရေးနှင့် တရားရေးဆိုင်ရာ အာဏာပိုင်များကို မယုံကြည်မှုများနှင့် တရားရေးကဏ္ဍ၏ စီရင်ဆုံးဖြတ်မှုများကို မကျေနပ်မှုများကြောင့် ဖော်ပြပါအကြောင်းရင်း (၂) ဖြစ်ပေါ်လာခဲ့သည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက သုံးသပ်ပါသည်။

### ၅-က) ရှေးရိုးဆန်သည့် အစွဲအလမ်းများ

ကျား‌မ(လိင်)တန်းတူညီမှု၊ အမျိုးသမီးအခွင့်အရေးများနှင့် လိင်အကြမ်းဖက်မှုနှင့်ပတ်သက်သော ရှေးရိုးဆန်သည့် အစွဲအလမ်းများသည် လိင်အကြမ်းဖက်မှုအတွက် တရားမျှတမှုပြန်လည်ရှာဖွေရာတွင် အကြီးမားဆုံးသော အခက်အခဲအတားအဆီးများ ဖြစ်နေသည်။ ရှေးရိုးဆန်သည့် အစွဲအလမ်းများကြောင့် လိင်အကြမ်းဖက်ခံရခြင်းသည် ရှက်ဖွယ်ကောင်းသောကိစ္စဖြစ်သည်ဟု လူ့အသိုင်းအဝိုင်းက ထင်မြင်ယူဆနေသည်။ လွဲမှားသော ရှက်စိတ်ကြောင့်ပင် လိင်အကြမ်းဖက်မှုဖြစ်စဉ်များသည် အမှန်တကယ်ဖြစ်ပွားနေသည့်အရေအတွက်အောက် များစွာနည်းပါးသော ပမာဏအဖြစ်သာ ပေါ်ထွက်လာသည်။ ၎င်းအပြင် ခေတ်နောက်ကျနေပြီဖြစ်သော ဥပဒေများကလည်း အချို့သော သာမန်လိင်အကြမ်းဖက်မှုများကို ခွင့်ပြုထားသကဲ့သို့ဖြစ်လျက်ရှိရာ လိင်အကြမ်းဖက်၊ အမြတ်ထုတ်ခံရပါက ဖုံးကွယ်ထားလေ့ရှိသော ယဉ်ကျေးမှုအစဉ်အလာကို ပိုမိုခိုင်မာစေခဲ့သည်။ သာဓကအားဖြင့်ဆိုရင် အသက် (၁၃) ကျော်လွန်ပြီးဖြစ်သော မိမိ၏ဇနီးမယားကို ၎င်း၏ဆန္ဒမပါဘဲ အဓမ္မလိင်ဆက်ဆံရန် မြန်မာနိုင်ငံ၏ ဥပဒေများက ခွင့်ပြုထားသည်။ အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် လိင်အကြမ်းဖက်ခြင်း၊ အမြတ်ထုတ်ခြင်းပုံစံအချို့ကို ရှေးရိုးအစဉ်အလာများက မျက်ကွယ်ပြုခွင့်ပြုထားပြန်သဖြင့် လိင်အကြမ်းဖက်မှုဖြစ်စဉ်များကို ဖွင့်ဟပြောဆိုခြင်းများ၊ အမှုဖွင့်တိုင်ကြားခြင်းများ နည်းပါးနေသည်မှာ အဆန်းတကြယ်မဟုတ်ချေ။

လိင်အကြမ်းဖက်ခံရသူက မိသားစုဝင်များ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးတစ်ယောက်ကို ဖွင့်ဟပြော ဆိုခဲ့ပါကလည်း လူသိရှင်ကြား ဖြစ်လာပါက အရှက်တကွဲ အကျိုးနည်းဖြစ်မည်ဟူသော လွဲမှားသည့် တွေးခေါ်မှုအမြင်များကြောင့် လိင်အကြမ်းဖက်မှုကို ဖုံးကွယ်ထားတတ်သကဲ့သို့ တိုင်ကြားအမှုဖွင့်မည်ဆိုပါကလည်း ရပ်ကျေးအဆင့်တွင်သာ အပြီးသတ်အဆုံး အဖြတ်ခံယူကြသည်။ ရပ်ကျေးအာဏာပိုင်များတွင် အများစုမှာ အမျိုးသားများဖြစ်ပြီး လိင်အကြမ်းဖက်မှုဖြစ်စဉ်များကို ဖြေရှင်းဆုံးဖြတ်ရာတွင် ၎င်းတို့က ရိုးရာတရားကျင့်ထုံးများကို အသုံးပြုပြီး လိင်အကြမ်းဖက်ခံရသူ မိသားစုဝင်များနှင့် အကြမ်းဖက်သူအကြား လျော်ကြေးငွေဖြင့် ကျေအေးရန် ညှိနှိုင်းလေ့ရှိသည်။

> “အားလုံးပဲ ရွာသားတွေရော
> အဓမ္မအကျင့်ခံရတဲ့သူရော
> နောက်ဆုံး ကျေးရွာဥက္ကဋ္ဌကပါ
> အဓမ္မအကျင့်ခံရတယ်ဆိုတာ
> အင်မတန်ရှက်ဖို့ကောင်းတဲ့ကိစ္စ
> လို့ပဲ လက်ခံထားတယ်။
> ဒါကြောင့်မို့ အဓမ္မကျင့်တဲ့
> အမှုအတော်များများကို
> တိတ်တဆိတ်ပဲ ဖြေရှင်းတယ်။
> ဘယ်ကိုမှ မတိုင်ဘူး”



## ၅-ခ) ဆင်းရဲမွဲတေမှု

ဆင်းရဲမွဲတေမှုကြောင့် လိင်အကြမ်းဖက်မှုဆိုင်ရာ တရားမျှတမှုရှာဖွေရာတွင် အခက်အခဲများ ကြုံတွေ့နေရသည်။ စီးပွားရေးမပြေလည်သော မိသားစုက သက်ငယ်လိင်အကြမ်းဖက်မှုကို တိုင်ကြားအမှုဖွင့်သော်လည်း တရားစရိတ်များ၊ ရုံးချိန်းသွားရသည့် သွားလာရေးစရိတ်များကို အကုန်ကျမခံနိုင်သဖြင့် လျော်ကြေးငွေသည်သာ ၎င်းတို့အတွက် အကောင်းဆုံးအဆုံးအဖြတ်ဖြစ်လျက်ရှိနေသည်။ တရားရင်ဆိုင်ရသည့်ကာလသည် နှစ်ချီကြာမြင့်နိုင်သည့်အတွက် လက်လုပ်လက်စားမိသားစုများအနေဖြင့် မြင့်မားသော ကုန်ကျစရိတ်များကို အချိန်ကြာကြာ ကျခံရန် မဖြစ်နိုင်ချေ။

> "ဘယ်သူမှ တရားရုံးမသွားချင်ဘူး။ အချိန်ကြာပြီး ပိုက်ဆံလည်း ကုန်တယ်။ နယ်ကလူတွေက အမှုဖြစ်ရင် ငွေကုန်မယ်ဆိုတာ နားလည်ထားပြီးသား။ (သက်ငယ်လိင်အကြမ်းဖက်မှုမှာ) ကျူးလွန်သူတွေက ချမ်းသာပြီး အကြမ်းဖက်ခံရတဲ့သူက ဆင်းရဲတာများတယ်။ လူချမ်းသာနဲ့ယှဉ်ရင် ကျိန်းသေပေါက် အမှုရှုံးမှာပဲလို့ သူတို့က ထင်နေတယ်။ ငွေများတရားနိုင်တယ်လို့ သူတို့က အသေချာယုံကြည်နေတယ်။ ဒါကြောင့် အုပ်ချုပ်ရေးမှူးက ဆုံးဖြတ်တဲ့ လျော်ကြေးနဲ့ပဲ သူတို့က ကျေနပ်လိုက်ကြတယ်။ တရားရုံးအထိတက်မယ်ဆိုရင် အမှုလည်းရှုံး လျော်ကြေးလည်းမရ အဲလိုဖြစ်မှာ သူတို့က စိုးရိမ်နေတာ။ (ကျွန်တော်/မတို့က ဆင်းရဲတယ်။ တရားရုံးတိုင်လည်း အမှုရှုံးမှာပဲ။ လျော်ကြေးလက်ခံလိုက်တာကလွဲလို့ တစ်ခြားရွေးစရာ ဘာမှမရှိဘူး။ တရားရုံးရောက်ရင် လျော်ကြေးတောင်မရဘဲနဲ့ ပြီးသွားမယ်) ဆိုပြီး ပြောတဲ့သူတွေလည်း ရှိတယ်။"

## ၅-ဂ) အုပ်ချုပ်ရေးနှင့် တရားရေးအာဏာပိုင်များအပေါ် ယုံကြည်မှုမရှိခြင်း

မြန်မာနိုင်ငံ၏ တရားစီရင်မှုစနစ်အပေါ် ယုံကြည်မှုမရှိသဖြင့် တရားမျှတမှုကို လက်လျှော့လိုက်သော နစ်နာသူများလည်း အမြောက်အမြားရှိသည်။ အစိုးရ၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအပေါ် ယုံကြည်မှုမရှိသကဲ့သို့ တရားရေးမဏ္ဍိုင်ကိုလည်း မယုံကြည်ကြချေ။ ကျေးလက်နေပြည်သူများသည် အစိုးရဌာနဆိုင်ရာများနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသည့်အပြင် ပြည်သူ့ရဲတပ်ဖွဲ့နှင့် ပတ်သက်ဆက်နွှယ်ရမည်ကိုလည်း ဝန်လေးတတ်ကြသည်။ အဆိုပါအခြေအနေတွင် တရားရေးဌာနကိုပါ အယုံအကြည်မရှိသဖြင့် တရားမျှတမှုကို လက်လျှော့လိုက်ကြသည်။ အချိန်ကြာမြင့်သည့်အပြင် ငွေကြေးအကုန်အကျများသော တရားရင်ဆိုင်မှုများ၊ ရဲဝန်ထမ်းများနှင့် တရားရေးအရာရှိများ၏ လုပ်ငန်းဆိုင်ရာကျွမ်းကျင်လိမ္မာမှုမရှိခြင်း၊ အကျင့်ပျက်ခြစားမှုများ ရှိနေခြင်း၊ ဘာသာစကားဆိုင်ရာ အခက်အခဲများ ရှိနေခြင်းတို့ကြောင့် လက်ရှိတရားစီရင်ရေးစနစ်ကို ယုံကြည်မှုပျက်ပြားလျက်ရှိသည်။

## ၅-ဃ) တရားသောဥပဒေများ စိုးမိုးမှု မရှိခြင်း သို့မဟုတ် တရားရေးကဏ္ဍ၏ ဆုံးဖြတ်ချက်က ကျေနပ်ဖွယ်မဖြစ်ခြင်း

မြန်မာနိုင်ငံတွင် လိင်အကြမ်းဖက်မှုနှင့်ပတ်သက်သော တရားမျှတမှုကို ရှာဖွေရာတွင် မကြာခဏရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲတစ်ခုမှာ တရားစီရင်ရေးစနစ်ပြည့်စုံလုံလောက် မှု မရှိခြင်းဖြစ်သည်။ တရားဥပဒေအများစုက ခေတ်နောက်ကျနေပြီး အမျိုးသမီးနှင့် ကလေးငယ်များကို ဦးတည်သော အကြမ်းဖက်မှုများအတွက် တိကျသော လုပ်ထုံးလုပ်နည်းနှင့် နည်းဥပဒေများလည်း မရှိချေ။

သက်ငယ်လိင်အကြမ်းဖက်သူများကို ထိထိရောက်ရောက် အရေးမယူဘဲ သက်ညှာစွာစီရင်နေခြင်းသည် တရားဥပဒေက ပြည်သူလူထုများကို လုံလောက်သော ကာကွယ်မှုပေးနိုင်ခြင်းမရှိဟူသော အတွေးအခေါ်ပေါ်လာရခြင်း၏ အဓိက အကြောင်းရင်းဖြစ်သည်။

> "ပြစ်ဒဏ်ကတော့ တော်တော်လေး သက်ညှာပါတယ်။ တရားရင်ဆိုင်တဲ့ကာလ၊ အချုပ်ထဲမှာနေရတဲ့ကာလကို နှုတ်လိုက်ရင် ထောင်ဒဏ်က ဘယ်လောက်မှ မကျန်တော့ဘူး။ အဲတော့ ထောင်ကလွတ်လာပြန်ရင်လည်း အဲလိုပြစ်မှုကို ထပ်ကျူးလွန်တာပါပဲ။ ဒါ့အပြင် လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာတဲ့ အကျဉ်းသားတွေလည်း မနည်းဘူး။ ထောင်ကျတာ ဘယ်လောက်မှ မကြာသေးဘူး၊ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာပြန်တယ်"

## အကြံပြုချက်များ

### ၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့

- ရှင်းလင်းတိကျပြီး ခေတ်နှင့်လျော်ညီသော တစ်နိုင်ငံလုံးဆိုင်ရာ ကလေးသူငယ်ကာကွယ်ရေး မူဝါဒကို ချမှတ်ရန်။
- မြန်မာနိုင်ငံ၏ တရားစီရင်ရေးဌာနများတွင်လည်းကောင်း၊ မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့နှင့် ဆက်ဆံဆောင်ရွက်ရာတွင်လည်းကောင်း ဒေသခံတို့၏ ဘာသာစကားကို အသုံးပြုနိုင်ရန်နှင့် တရားရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ဒေသခံတို့၏ ဘာသာစကားဖြင့် ပြန်ဆိုထုတ်ဝေထားရှိရန်။
- တရားရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးဌာနများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရန်နှင့် အမျိုးသမီးတရားသူကြီးများ ပိုမိုပေါ်ထွန်းလာရန်အတွက် အားပေးကူညီရန်။
- တရားရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးဌာနများတွင် ပါဝင်ပတ်သက်နေသော တရားရေးနှင့် အုပ်ချုပ်ရေးဌာနများ အပြင် အင်အားစုအားလုံးကို ကျား၊မ မရွေး လိင်အကြမ်းဖက်မှုနှင့် ကျား၊မ(လိင်)တန်းတူညီမှုအကြောင်း ပညာပေးရန်။
- တရားရေးနှင့် အုပ်ချုပ်ရေးဌာနများအတွင်း ဖြစ်ပွားနေသော အကျင့်ပျက်ခြစားမှုများကို အဆုံးသတ်ရန်နှင့် တိုင်ကြားလာသော လိင်အကြမ်းဖက်မှုဖြစ်စဉ်များကို အကြမ်းဖက်ခံရသူများအား အပြစ်တင်ခြင်းမရှိဘဲ၊ ကျူးလွန်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းမရှိဘဲ မျှတကောင်းမွန်စွာ စုံစမ်းစစ်ဆေးရန်။
- ခေတ္တနားခိုရာဌာနများ၊ စောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်ပြီး လိင်အကြမ်းဖက်ခံရသူများအား ကာကွယ်စောင့်ရှောက်မှုပေးရန်။
- လိင်အကြမ်းဖက်မှုနှင့်ပတ်သက်သော လွဲမှားသော ရှေးရိုးအမြင်များကို အမြစ်ပြတ်ပယ်ဖျောက်ရန်အတွက် စာသင်ကျောင်းများနှင့် လုပ်ငန်းခွင်များတွင် လိင်ပညာပေးရေးနှင့် ကျား၊မ(လိင်)တန်းတူရေး အသိပညာပေးသင်ကြားရန်။
- ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးကို အရှိန်မြှင့်လုပ်ဆောင်ရန်နှင့် စီးပွားရေးအဆင်မပြေသော မိသားစုများကို ဥပဒေရေးရာ ထောက်ပံ့ကူညီမှုများ ပေးအပ်ရန်။

### ၂) ပြည်ထောင်စုလွှတ်တော်သို့

- လိင်အကြမ်းဖက်မှုကို ခွင့်ပြုအားပေးသော တရားဥပဒေပုဒ်မမှန်သမျှကို ပယ်ဖျက်ရန်။
- သက်ငယ်လိင်အကြမ်းဖက်မှုအတွက် သီးသန့်တရားဥပဒေများ၊ ပုဒ်မများ အတည်ပြုပြဌာန်းရန်နှင့် သက်ငယ်လိင်အကြမ်းဖက်မှုကျူးလွန်သူများအား ပြစ်မှုနှင့်ထိုက်တန်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေးအတွက် ဥပဒေများ ပြဌာန်းရန်။
- အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းကို ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် လူထုအခြေပြုအဖွဲ့အစည်းများနှင့်တိုင်ပင်ဆွေးနွေးပြီး တစ်နိုင်ငံလုံးဆိုင်ရာမူဝါဒ ချမှတ်ရန်နှင့် အမျိုးသမီးနှင့် ကလေးအခွင့်အရေးများကို ကာကွယ်မြှင့်တင်ရန်။
- ၁၉၉၃ ကလေးသူငယ်များဥပဒေကို ပြင်ဆင်ဖြည့်စွက်နိုင်ရန်အတွက် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်လုပ်ဆောင်ရန်နှင့် ထိုသို့ပြင်ဆင်ရာတွင် အကြမ်းဖက်မှုနှင့် သက်ငယ်လိင်အကြမ်းဖက်မှုများကို ကာကွယ်ပေးသည့် ဥပဒေများ ပါဝင်အောင် လုပ်ဆောင်ရန်။

### ၃) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့

- ပြည်ထောင်စု၊ ပြည်နယ်/တိုင်းနှင့် ရပ်ကျေးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လက်ခံရရှိသော လိင်အကြမ်းဖက်မှု အားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံသို့ အကြောင်းကြားတင်ပြရန်။
- ရိုးရာအစဉ်အလာနည်းလမ်းများကို အသုံးပြုပြီး လိင်အကြမ်းဖက်မှုများကို ဖြေရှင်းနေခြင်းအား ရပ်တန့်ရန်နှင့် နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး လျော်ကြေးပေးချေခြင်းဖြင့် လိင်အကြမ်းဖက်မှု ရာဇဝတ်မှုကို ရပ်ကျေးအဆင့်တွင် ဖြေရှင်းနေခြင်းအား ရပ်တန့်ရန်။

### ၄) မွန်ပြည်သစ်ပါတီသို့


- လိင်အကြမ်းဖက်မှုအားလုံးကို ကျေးရွာ၊ မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးဌာနများမှတဆင့် မွန်ပြည်သစ်ပါတီ၏ တရားစီရင်ရေးဗဟိုကော်မတီသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရန်။
- မွန်ပြည်သစ်ပါတီ၏ အုပ်ချုပ်ရေးအဆင့်အားလုံးတွင် လိင်အကြမ်းဖက်မှုများကို ဖြေရှင်းရာ၌ နှစ်ဦးနှစ်ဖက် ညှိနှိုင်းခြင်းနှင့် လျော်ကြေးငွေဖြင့် ကျေအေးစေခြင်းတို့ကို ဖြေရှင်းမှုနည်းလမ်းများအဖြစ် အသုံးပြုနေခြင်းအား အဆုံးသတ်ရန်။
- မွန်ပြည်သစ်ပါတီ၏ တရားစီရင်ရေးကော်မတီတွင် အမျိုးသမီးအဖွဲ့ဝင်များ ပိုမိုပါဝင်လာစေရန်။
- မွန်ပြည်သစ်ပါတီ၏ တရားစီရင်ရေးဌာနများတွင် ပါဝင်ပတ်သက်နေသော တရားရေးနှင့် အုပ်ချုပ်ရေးဌာနများ အပြင် အင်အားစုအားလုံးကို ကျား၊မ မရွေး လိင်အကြမ်းဖက်မှုနှင့် ကျား၊မ (လိင်) တန်းတူညီမှုအကြောင်း ပညာပေးရန်။

### ၅) လူထုအခြေပြုအဖွဲ့အစည်းများသို့

- လိင်အကြမ်းဖက်မှုပြဿနာနှင့်ပတ်သက်သော သတိပေးလှုံ့ဆော်မှုများနှင့် ပညာပေးပို့ချမှုများကို ဆက်လက်လုပ်ဆောင်သွားရန်။
- ပြည်သူလူထုများ အထူးသဖြင့် ကျေးလက်နေပြည်သူများအား လိင်အကြမ်းဖက်မှုဆိုင်ရာ၊ ကလေးသူငယ်အခွင့် အရေးဆိုင်ရာ၊ သက်ငယ်လိင်အကြမ်းဖက်မှုနှင့်သက်ဆိုင်သော တရားဥပဒေနှင့် တရားရေးလုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များကို ပညာပေးပို့ချရန်။ ထိုသို့ပို့ချရာတွင် လူတန်းစားအားလုံး အထူးသဖြင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများပါ ပါဝင်စေရန်။
- လိင်အကြမ်းဖက်မှုနှင့်ပတ်သက်သော ရှေးရိုးအမြင်များကို တိုက်ဖျက်ပြောင်းလဲပစ်နိုင်သော ပညာပေးမှုများကို လုပ်ဆောင်ရန်။
- လိင်အကြမ်းဖက်ခံရသူများအား အားပေးကူညီထောက်ပံ့ရန်နှင့် အလားတူလုပ်ဆောင်ရန် ပြည်သူလူထုများအား တိုက်တွန်းအားပေးရန်။

### ၆) အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းများသို့

- လိင်အကြမ်းဖက်မှု၊ ကလေးသူငယ်အခွင့်အရေးနှင့် အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ထောက်ပံ့ကူညီမှုများနှင့် ပညာပေးမှုများကို ဆက်လက်လုပ်ဆောင်သွားရန်။
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံအားလုံး ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် The Convention on the Elimination of all Forms of Discrimination Against Women (CEDAW) နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် The Convention on the Child Right (CRC) ကို လေးစားလိုက်နာ အကောင်အထည်ဖော်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအား ဖိအားပေးတိုက်တွန်းရန်။


Shan Ywar Thit
Kamarmaung
Bilin Township
Bilin
Hlaingbwe Township
Hlaingbwe
Paingkyon
Karen State
Thaton Township
Thaton
rape
Hpa-An
Hpa-An Township
Mon State
Paung Township
Paung
Myawaddy
Kyondoe
Kawkareik
Kawkareik Township
မော်လမြိုင်မြို့နယ်
Rape, Threats, Injuries
Rape
Rape, Abduction, Threats
Rape, Severe Injuries
rape
Kyaikmaraw
Rape, Human Trafficking
Chaungzon
rape, threats
Rape, Threats
ကျိုက်မရောမြို့နယ်
Abduction, Attempted Force Marriage
ချောင်းဆုံမြို့နယ်
Mudon
rape, threats
Rape, Abduction
Myawaddy Township
Su Ka Li
မုဒုံမြို့နယ်
Andaman Sea
Kyaikkhami
Kyainseikgyi
Kyaikdon
Thanbyuzayat
သံဖြူဇရပ်မြို့နယ်
ကြာအင်းဆိပ်ကြီးမြို့နယ်
Karen State
Bhutan
India
China
Bangladesh
Vietnam
Laos
Thailand
Cambodia
Lamaing
Mon State
Rape, Injuries
Hpayarthonesu
Abduction, Murder, Suspected Rape
rape
Ye
Abduction
ရေးမြို့နယ်
Rape, Threats, Severe Injuries
Khawzar
rape, abduction
rape, abduction and murder
ရေဖြူမြို့နယ်
Tenasserim Region
Kilometers
0 5 10 20 30 40
Base Map : MIMU
မြေပုံအညွှန်း
အစီရင်ခံစာပါ သက်ငယ်လိင်အကြမ်းဖက်မှု ဖြစ်ပွားခဲ့ရာနေရာများနှင့် ကွင်းဆင်းသုတေသန ဆောင်ရွက်ခဲ့သည့်နေရာဒေသများ
မီးရထားလမ်း
မော်တော်ကားလမ်း
မြို့
အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်မျဉ်း
ပြည်နယ်နှင့် တိုင်းဒေသကြီး နယ်နိမိတ်မျဉ်း